# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 18, 2019 Volume 23, Number 13

**၁၈.၉.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၀၂ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၃၂၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၈/- ကျပ် |
| CBM Rate | = ၁၅၃၆.၄/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၆.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၇.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၁၂.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၉.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၅၀.၄ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၆.၇၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၅၇၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၈၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၇.၂၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၃၃၃ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## ၁၀ လအတွင်း ဆန်နှင့်ဆန်ကွဲပြည်ပတင်ပို့မှု ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၆၅၃ သန်းကျော်ရရှိထား



၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် ဩဂုတ် ၃၀ ရက်အထိ ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့မှုမှာ စုစုပေါင်း ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၆၅၃ သန်းကျော်အထိ ရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ကုန်သွယ်မှုဆိုင်ရာ စာရင်းဇယားများ အရသိရသည်။ အဆိုပါကာလအတွင်း နိုင်ငံပေါင်း ၆၅ သို့ ဆန်တန်ချိန် ၁၇၀၄၄၄၀ ဒသမ ၆၃၂ တန် တင်ပို့ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၃၀ ဒသမ ၆၆၈ သန်းရရှိခဲ့ကာ ဆန်ကွဲကို နိုင်ငံပေါင်း ၄၁ နိုင်ငံသို့ မက်ထရစ်တန် ၄၅၉၈၂၇ ဒသမ ၈၆၀ ရောင်းချခဲ့ရာ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂၂ ဒသမ ၃၉၂ သန်း ရရှိခဲ့ကြောင်းသိရသည်။

အဆိုပါဆန်နှင့် ဆန်ကွဲတင်ပို့မှုတွင် နယ်စပ် ပို့ကုန်သွယ်ရေးလမ်းကြောင်းမှ မက်ထရစ်တန်ပေါင်း ၆၀၂၆၀၇ ဒသမ ၂၁၀ တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ ၁၈၀ ဒသမ ၃၆၂ သန်းခန့်ရရှိခဲ့သည်။ ထို့အပြင် ပင်လယ်ရေကြောင်းမှ မက်ထရစ်တန်ပေါင်း ၁၅၆၁၇၆၁ ဒသမ ၂၈၂ ခန့် တင်ပို့ခဲ့ပြီး ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ ၄၇၂ ဒသမ ၆၉၈ သန်းခန့် တင်ပို့ရောင်းချခဲ့ခြင်း ဖြစ်သည်။

ဆန်နှင့်ဆန်ကွဲတင်ပို့မှုစုစုပေါင်း၏ ၂၇ ရာခိုင်နှုန်းကျော်ကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတင်ပို့ခဲ့ခြင်းဖြစ်ပြီး ပင်လယ်ရေလမ်းကြောင်းမှ တစ်ဆင့် တင်ပို့မှုမှာ ၇၂ ရာခိုင်နှုန်းကျော်ဖြစ်ကြောင်းသိရသည်။ ဆန်ကို တရုတ် နိုင်ငံနှင့်ဖိလစ်ပိုင်နိုင်ငံသို့ အများဆုံး ရောင်းချခဲ့ခြင်းဖြစ်ပြီး ဆန်ကွဲကို ဘယ်လ်ဂျီယံ၊ အင်ဒိုနီးရှားနှင့် တရုတ်နိုင်ငံများသို့ အများဆုံးရောင်းချနိုင်ခဲ့ကြောင်းသိရ သည်။

**Source:** https://myanmar.mmtimes.com/news/128470.html

## ထိုင်းလယ်သမားများအားထောက်ပံ့ရန်ဘတ်ငွေ(၁)ဘီလီယံ ရည်ရွယ်ထားရှိဆောင်ရွက်လျက်ရှိခြင်း

စက်မှုဝန်ကြီးဌာနအနေဖြင့် ထိုင်းလယ်သမားများအတွက် အထောက်အပံ့ပေးမည့် အစီအမံများကို ဆောင်ရွက်ရန် ဘတ်ငွေ (၁) ဘီလီယံအား သုံးစွဲနိုင်ရေးအတွက် အစိုးရ၏ လယ်ယာဖွံ့ဖြိုးတိုးတက်ရေး စီမံချက်အား အောက်တိုဘာလတွင် အပြီးသတ် ဆုံးဖြတ်နိုင်ရေး စီစဉ်ဆောင်ရွက်လျှက်ရှိပါသည်။ စက်မှုဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် Pasu Loharjun က ဝန်ကြီးဌာနအနေဖြင့် နောက်နှစ် အစောပိုင်းတွင် အဆိုပါအစီအမံများကို စတင်ဆောင်ရွက်ရန်

စက်မှုကဏ္ဍမြင့်တင်ရေးဌာနနှင့် လယ်ယာနှင့် လယ်ယာသမဝါယမ ဘဏ်တို့နှင့် ဆွေးနွေးပြောဆိုလျှက်ရှိကြောင်း ပြောကြားခဲ့ပါသည်။ အဆိုပါအသုံးစရိတ် ဘတ်ငွေ(၁)ဘီလီယံမှာ ဝန်ကြီးဌာန၏ ၂၀၂၀ ခုနှစ်ဘတ်ဂျက်၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာမည်ဖြစ်ပြီး နောက်လတွင် စတင်မည်ဖြစ်ကာ စုစုပေါင်း(၁၄)ဘီလီယံရှိကြောင်း သိရှိရပါသည်။ ဝန်ကြီးဌာနအနေဖြင့် လယ်သမားများ၏ လူနေမှု အဆင့်အတန်း တိုးတက် ရေးနှင့် ၎င်းတို့၏ မိသားစု ဝင်ငွေတိုးတက်ရေးတို့အတွက် အထောက်အပံ့ပြုပေးမည့် ဒီဇိုင်းပုံစံ မော်ဒယ် (၂)မျိုး(၃)မျိုးကို ရေးဆွဲထားရှိကြောင်း Mr.Pasu ကပြောကြားခဲ့ပါသည်။ အစားအစာကဏ္ဍမှာ အစီအစဉ်သစ်တွင် အဓိကဦးတည်ချက်ဖြစ်ကြောင်း၊ အဆိုပါ မော်ဒယ် တွင် ကောက်ပဲသီးနှံမှ အစားအစာပြုပြင်ထုတ်လုပ်ခြင်းနှင့် လယ်သမားများအား ၎င်းတို့၏စိုက်ခင်းမှ မြင့်မားသော အမြတ်အစွန်းရရှိ ဖွံ့ဖြိုးလာစေရန်ဖြစ်ကြောင်း ၎င်းက ပြောကြား ခဲ့ပါသည်။ အစိုးရအနေဖြင့် ဝန်ကြီးဌာနအား Pracha Rat Scheme အောက်ရှိ အစိုးရ၏ ရည်မှန်းချက်ဖြစ်သော “ Smart Farmer ” နိုင်ငံအဖြစ်ထူထောင်နိုင်ရေးဦးစီးဆောင်ရွက်သွားရန် အမိန့်ညွှန်ကြား ချက် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ စက်မှုစီးပွားရေးရုံး Office of the Industrial Economics (OIE)၏ ညွှန်ကြားရေးမှူးချုပ် Nattapol Rangsitpol က အစားအစာပြုပြင်ထုတ်လုပ်သည့်ကိစ္စမှာ အစိုးရ၏လယ်သမားများကို ကူညီထောက်ပံ့ရန်မှာ နံပါတ်တစ်ဦးစားပေးကဏ္ဍဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ တိုင်းပြည်၏ လယ်ယာကဏ္ဍမှာ GDP တွင် သိသာထင်ရှားသော အပိုင်းကဏ္ဍတွင်ပါဝင်ကြောင်း၊ OIE အနေဖြင့် ဝန်ကြီးဌာန၏ Cluster ကဏ္ဍတွင်ပါဝင်ပြီး CP ကဲ့သို့သော အစားအစာ ကုမ္ပဏီကြီးများနှင့် ပူးပေါင်း ကာ အစားအစာ ပြုပြင်ထုတ်လုပ်သည့် ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် စီမံထားကြောင်း သိရှိရပါသည်။ ဝန်ကြီးဌာနအနေဖြင့် ကုမ္ပဏီကြီးများအား Big Brother Scheme အစီအစဉ်တွင် ပါဝင်လာစေပြီး နည်းပညာနှင့် အတွေ့ အကြုံများအား ပြည်တွင်းစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်ဖိတ်ခေါ်ထားရှိကြောင်း Mr. Nattapol ကပြောကြားခဲ့ပါသည်။ ဝန်ကြီးဌာနအနေဖြင့် အနာဂတ်တွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများတွင် ရင်းနှီး မြှုပ်နှံမည့်သူများအား အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့် များဆောင်ရွက်ပေးရန် စီစဉ်နေကြောင်း သိရှိရပါသည်။ Mr.Pasu က ဝန်ကြီးဌာနအနေဖြင့် SMEs လုပ်ငန်းများနှင့် အစပျိုးလုပ်ငန်းများ (Start-ups) လုပ်ငန်းများကိုလည်း ထောက်ပံ့ ပေးမည့် အစီအမံများကို ဆောင်ရွက်လျှက်ရှိကြောင်း၊ ၂၀၂၀ ခုနှစ်တွင် ဝန်ကြီးဌာနအနေဖြင့် SMEs လုပ်ငန်းများနှင့် အစပျိုးလုပ်ငန်းများ (Start-ups) လုပ်ငန်းများတွင် လုပ်ငန်းအသစ်ပေါင်း (၆၄၀၀)ကိုဖေါ်ဆောင်ဖန်တီးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျှက်ရှိကြောင်း၊ ၎င်းတို့အနေဖြင့် တိုင်းပြည်၏စီးပွားရေးအပေါ် ဘတ်ငွေ (၁.၀၅)ဘီလီယံထည့်ဝင် ပေးနိုင်ရေး မျှော်မှန်းထားရှိကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ ဝန်ကြီးဌာနအနေဖြင့် SMEs လုပ်ငန်း များနှင့် အစပျိုးလုပ်ငန်းများ (Start-ups) လုပ်ငန်းများကို အတိုးနှုန်းသက်သာသောချေးငွေ ( Soft Loan ) များ ထုတ်ချေးပေးနိုင်ရေး အစိုးရ၏ဘဏ္ဍာရေးဌာန (၂)ခုဖြစ်သော SMEs Development Bank နှင့် Export –Imprt Bank တို့နှင့် သဘောတူညီချက်များ လက်မှတ်ရေးထိုးထားကြောင်း သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-ဘန်ကောက်**

## အခြေခံစပါးဈေးနှုန်းကို တင်း ၁၀၀ လျှင် ကျပ် ၄၈၀၀၀၀၊ ကျပ်ငါးသိန်းနှင့် ကျပ် ၅၂၀၀၀၀ စသည့်ပုံစံသုံးမျိုးကို တွက်ချက်တင်ပြမည်ဖြစ်ပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် အစိုးရကကြေညာသည့်ဈေးအတိုင်း ဝယ်ယူမည်



အခြေခံစပါးဈေးနှုန်းကို တင်း ၁၀၀ လျှင် ကျပ် ၄၈၀၀၀၀၊ ကျပ်ငါးသိန်းနှင့် ကျပ် ၅၂၀၀၀၀ စသည်ဖြင့် ပုံစံ သုံးမျိုးကို တွက်ချက်တင်ပြမည်ဖြစ်ပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) အနေဖြင့် အစိုးရက ကြေညာသည့် ဈေးနှုန်းအတိုင်း ဝယ်ယူမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က သတင်းထုတ်ပြန်ထား သည်။ စက်တင်ဘာ ၁၄ ရက်က ကျင်းပသော ဗဟို အလုပ်အမှုဆောင်ကော်မတီအစည်းအဝေးတွင် ဆွေးနွေးခဲ့မှု များနှင့် ပတ်သက်ပြီး သတင်းထုတ်ပြန်ထားခြင်းဖြစ်သည်။ စပါးပေါ်ချိန် ဈေးအဆမတန်ကျဆင်းမှု မဖြစ်စေရေးအတွက် နိုင်ငံတော်အစိုးရနှင့်ပူးပေါင်း၍ ကူညီဖြေရှင်းဆောင်ရွက် ရန်၊ ဆန်စက်ပိုင်များ၊ Exporter များနှင့် ကုန်သည်များမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန်၊ စပါးပေါ်ချိန်တွင် ဝယ်လိုအား ပုံမှန်ရှိပြီး ရောင်းလိုအားအလွန်များခြင်းကြောင့်လည်းကောင်း၊ အခြောက်ခံစက်များ၊ သိုလှောင်ရုံများ မလုံလောက်မှုကြောင့် လည်းကောင်း၊ ရောင်းလိုအားနှင့်ဝယ်လိုအား မမျှမတဖြစ်မှုကြောင့် ဈေးကျဆင်းသည်ဖြစ်ရာ စပါးပေါ်ချိန်တွင်

ဝယ်လိုအားမြင့်တင်မည့်စီမံချက်( ၂၀၁၈ စီ မံချက်)ကို အကောင်အထည်ဖော်ရန်ဖြစ်သည်။ ထို့ပြင် အခြေခံစပါးဈေးနှုန်းကို နိုင်ငံတော်အစိုးရသို့ ပုံစံသုံးမျိုးတွက်ချက်တင်ပြရန်၊ ပုံစံ(၁)သည် တင်း ၁၀၀ လျှင် ကျပ် ၄၈၀၀၀၀၊ ပုံစံ(၂)သည် တင်း ၁၀၀ လျှင် ကျပ် ၅၀၀၀၀၀ နှင့် ပုံစံ(၃)သည် တင်း ၁၀၀ လျှင် ကျပ် ၅၂၀၀၀၀ ဖြင့် အခြေခံစဉ်းစားပြီး တွက်ချက် တင်ပြရန်နှင့် နိုင်ငံတော်အစိုးရ ၏ ရွေးချယ်မှုအတိုင်း ဆက်လက်ပူးပေါင်းဆောင်ရွက်မည်ဟုသိရသည်။

နိုင်ငံတော်အစိုးရမှ အခြေခံစပါးဈေးနှုန်း ကြေညာပြီးပါက အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင်စတင်၍ စပါး/ဆန် ဝယ်ယူရေးအစီအစဉ်များကို အသင်းချုပ်/ပုဂ္ဂလိကကုန်သည်/စက်ပိုင်/ကုမ္ပဏီများနှင့် ညီနောင်အသင်းများအနေဖြင့် စနစ်တကျညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသိရသည်။ စပါးအခြေခံဈေးနှုန်းသတ်မှတ်မှုသည် ထိလွယ်ရှလွယ်သည့် ကိစ္စဖြစ်ခြင်းကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်အပေါ် အခြေခံတွက်ချက်၍ လက်တွေ့ကျသည့်ဈေးနှုန်းကိုသတ်မှတ်ပေးရန် လိုအပ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးကဆိုသည်။ အခြေခံဈေးနှုန်းသည် တောင်သူများနှင့်ကုန်သည်လုပ်ငန်းရှင်များပါ အကျိုးရှိနိုင်သည့်ဈေးနှုန်းဖြစ်ရန်လိုအပ်ကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။ ထုတ်လုပ်မှုကုန်ကျစရိတ်ကို အခြေခံပြီးတော့မှ အခြေခံဈေးနှုန်းကို သတ်မှတ်ပေးဖို့ ဖြစ်ပါတယ်။ ဒီနေရာမှာ ဆန်စပါးအဖွဲ့ချုပ်နဲ့ ညီနောင်အသင်းများကနေပြီးတော့ မိမိတို့ရဲ့ ကြိတ်ခွဲရောင်းချမှုအတွေ့အကြုံတွေကို အခြေခံ ပြီးတော့မှ အခြေခံဈေးနှုန်းဟာ မည်မျှရှိသင့်သလဲ၊ ဒီဈေးနှုန်းကို ထိန်းသိမ်းနိုင်အောင်လို့ ဘယ်လိုဆောင်ရွက်သင့်သလဲ၊ ဈေးကွက်ကို မည်သည့်အတိုင်းအတာ အထိ ဝင်ရောက်စွက်ဖက်သင့်တယ်ဆိုတဲ့ဟာကို အကြံပြုပေးဖို့ဖြစ်ပါတယ်။ ထုတ်လုပ်မှုကုန်ကျစရိတ်ဟာ လက်တွေ့အချက်အလက်တွေကိုအခြေခံတွက်ချက်ရမှာဖြစ်ပါတယ်။ အခြေခံဈေးနှုန်းကတော့ ဈေးကွက်ရဲ့ ဝယ်လိုအားနဲ့ရောင်းလိုအားကိုပါ ထည့်သွင်းစဉ်းစားတွက်ချက်ပြီးတော့မှ ကုန်သည်များလည်း အကျိုးရှိ၊ တောင်သူလည်း အကျိုးရှိတဲ့ ဈေးနှုန်းဖြစ်ဖို့လိုပါတယ်ဟု ၎င်းကပြောကြားသည်။

**Source:** https://news-eleven.com/article/135184

## သားငါးထုတ်ကုန်များကိုသင့်တင့်သောဈေးနှုန်းဖြင့် စဉ်ဆက်မပြတ်ဈေးကွက်ရှိနေစေရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်း




လယ်ယာသားငါး ထုတ်ကုန်များကို သင့်တင့်သော ဈေးနှုန်းဖြင့် စဉ်ဆက်မပြတ်ဈေးကွက်ရှိနေစေရန် မြို့နယ်အလိုက် တောင်သူလယ်သမား ဈေးကွက်စနစ် ထူထောင်ပြီး ပိုမိုဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

ယမန်နေ့ကပြုလုပ်သည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ၁၃ ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့တွင်အဆိုအား မှတ်တမ်းတင်ခဲ့ခြင်း ဖြစ်သည်။ မအူပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းကတင်သွင်းခဲ့ခြင်းဖြစ်ပြီး အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၄) ဦးက ပါဝင်ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးမှုအပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးလှကျော်ကယခုလို ပြန်လည်ရှင်းလင်းခဲ့သည်။ မြို့နယ်အလိုက် တောင်သူလယ်သမားဈေးကွက်စနစ် ထူထောင်ရန်အတွက် ခိုင်မာသည့်တောင်သူလယ်သမားအစုအဖွဲ့ ပေါ်ပေါက်လာရန်အဓိကကျပြီး စနစ်တကျဖြစ်ထွန်းရန်လည်းလိုကြောင်း၊ အဆိုပါခိုင်မာသည့်အဖွဲ့အစည်းတစ်ရပ်ရှိမှသာ ဈေးကွက်ထိန်းကြောင်းရေးလုပ်ငန်းများကို စီမံဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်ဟု ဒုတိယဝန်ကြီး ဦးလှကျော်က

ရှင်းလင်းခဲ့သည်။ ဆက်လက်ပြီး ခိုင်မာသည့်တောင်သူလယ်သမားအစုအဖွဲ့များ၊ အဖွဲ့အစည်းများ ပေါ်ပေါက်လာစေရေးအတွက် အချိန်ကာလတစ်ခု ရယူကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က လက်ရှိကျင့်သုံးလျှက်ရှိသည့် ဈေးကွက်စီးပွားရေးစနစ်သည် တောင်သူလယ်သမားဈေးကွက်စနစ် ဖော်ဆောင်ပေးရန်အတွက် သိုလှောင်ထိန်းသိမ်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းမှာအရေးပါကြောင်း၊ ထို့ကြောင့် မရှိမဖြစ်လိုအပ်သည့် သိုလှောင်ရုံကဲ့သို့သော အခြေခံအဆောက်အအုံတည်ဆောက်ခြင်း၊ ဈေးနှုန်းနှင့် စဉ်ဆက်မပြတ် ဈေးကွက်ရရှိရေးအတွက် ရောင်းဝယ်သည့်စနစ်တွေကိုလည်း သတ်မှတ်ပြဌာန်းရန် လိုအပ်လျှက်ရှိကြောင်း ပြန်လည်ရှင်းလင်းခဲ့သည်။ အဆိုကိုမှတ်တမ်းတင်ရန် လွှတ်တော်သို့တင်ပြကာ အဆိုရှင်နှင့် လွှတ်တော်ကလည်း မှတ်တမ်းတင်ရန် သဘောတူညီသဖြင့် လွှတ်တော်ကမှတ်တမ်းတင်ကြောင်း ဥက္ကဌဦးတီခွန်မြတ်က ကြေငြာခဲ့သည်။

**Source:** http://www.betvmyanmar.com/my/news/

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ စက်မှုကဏ္ဍမှ လုပ်ငန်း (၉)ခုနှင့် မွေးမြူရေး/ရေလုပ်ငန်းကဏ္ဍမှ လုပ်ငန်း (၁)ခုတို့အား MIC ခွင့်ပြု




မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအဖြစ် စက်မှုကဏ္ဍမှလုပ်ငန်း (၉)ခုနှင့် မွေးမြူရေး/ရေလုပ်ငန်းကဏ္ဍမှ လုပ်ငန်း (၁)ခုတို့အား ထပ်မံခွင့်ပြုခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်တင်အေးဟန်၏ ပြောကြားချက်အရသိရသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေး အမှတ်စဉ် (၁၅/၂၀၁၉) အပါအဝင် ရက်သတ္တပတ်အတွင်း နိုင်ငံမြှုပ်နှံမှု အဆိုပြုလုပ်ငန်း (၃)ခု၊ အတည်ပြုလုပ်ငန်း (၇)ခု စုစုပေါင်း (၁၀)ခုတို့အား ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ အဲဒီလုပ်ငန်းတွေကနေပြီးတော့ ပြည်တွင်းလုပ်သားတွေအတွက် အလုပ်အကိုင် (၅၆၁၄)ခုကို ဖန်တီးပေးမှာဖြစ်ပါတယ်ဟု ဒေါ်တင်အေးဟန်ကဆိုသည်။ စက်တင်ဘာလ ၁၇ ရက်က ရန်ကုန်မြို့၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဒေါ်တင်အေးဟန်ကပြောကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါခွင့်ပြုလိုက် သည့် (၁၀)ခု၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၄၃ ဒသမ ၇၇၁)သန်း ဖြစ်ကြောင်း ဒေါ်တင်အေးဟန်က ဆိုသည်။ ယင်းလုပ်ငန်းများအနက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အဆိုပြုလုပ်ငန်း (၃)ခု၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှအတည်ပြုလုပ်ငန်း (၆)ခုနှင့် နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခု တို့အား ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**Source:** http://www.betvmyanmar.com/my/news/

## မင်းဘူးဒေသ ပဲတီစိမ်းစိုက်တောင်သူများ အထွက်နှုန်းကောင်းပြီး ဈေးကောင်းရကြ



မကွေးတိုင်းဒေသကြီး မင်းဘူးဒေသတွင် ယခုအခါ ပဲတီစိမ်းများ ထွက်ရှိနေပြီဖြစ်ရာ အထွက်နှုန်းကောင်းပြီး ဈေးကောင်းရနေသောကြောင့် ပဲတီစိမ်းစိုက်တောင်သူများ အဆင်ပြေနေကြောင်းသိရသည်။ ယမန်နှစ် ပဲတီစိမ်းသီးနှံ ထွက်ရှိချိန်တွင် တစ်တင်းလျှင် ကျပ် ၂၆၀၀၀ ဈေးသာရှိခဲ့ပြီး ယခုနှစ် သီးနှံထွက်ရှိချိန်တွင် တစ်တင်းလျှင် ကျပ် ၃၂၀၀၀ အထိဈေး မြင့်တက်ခဲ့သည်။ ကျွန်တော်ဒီနှစ် ပဲတီစိမ်းငါးဧကကျော် လောက် စိုက်ပျိုးခဲ့တယ်။ ယခုနှစ်စောစော မိုးကောင်းခဲ့တာကြောင့် သီးနှံအထွက်လည်းကောင်းခဲ့ပါတယ်။ တစ် ဧက ၁၅ တင်းကျော်ခန့်ထွက်ရှိခဲ့တယ်။ မနှစ်က သီးနှံပေါ်စမှာ ဈေးမကောင်းခဲ့ ပေမယ့် ယခုနှစ်သီးနှံပေါ်စမှာတော့ တစ်တင်းကို ကျပ် ၃၂၀၀၀ အထိ ရောင်းချရတယ်။ စိုက်ပျိုးတဲ့သီးနှံမျိုးစရိတ်၊ မြေပြင် စရိတ်၊ မြေသြဇာစရိတ်၊ အလုပ်သမားစရိတ်တွေ ကုန်ကျမှုများပြားတာကြောင့် ယခုလိုသီးနှံပေါ်ချိန် ဈေးကောင်းရမှ တောင်သူ တွေအဆင်ပြေကြတာပါဟု မင်းဘူးမြို့နယ် မောင်းမကန်ကျေးရွာမှ ပဲတီစိမ်းစိုက်တောင်သူ ဦးစန်းဦးကပြောဆိုသည်။

ဒေသခံတောင်သူများ အခက်အခဲကြုံတွေ့နေသည်မှာ သုံးနှစ်၊ လေးနှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ စိုက်သမျှသီးနှံတွေပေါ်ပြီ ထွက်ပြီဆိုပါက သီးနှံဈေးတန်း များကျဆင်းကုန်ကြောင်း၊ စိုက်ချိန်၊ ပျိုးချိန်များ၌ သီးနှံဈေးကောင်းသဖြင့် တောင်သူများက အားပြုစိုက်ပျိုးခဲ့ကြသော်လည်း သီးနှံများထွက်ရှိချိန်၌ ဈေးတန်းများကျဆင်းခဲ့၍ ယမန်နှစ်ကအထိ တောင်သူများ မျက်ဖြူ ဆိုက်ခဲ့ကြကြောင်း၊ သီးနှံထွက်ချိန် ဈေးတန်းမှန်မှ တောင်သူများအတွက် အသက်ရှူချောင်ကာ အဆင်ပြေကြမည်ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။ မင်းဘူး (စကု)မြို့နယ်အတွင်း ယမန်နှစ်က ပဲတီစိမ်းသီးနှံ ၅၃၇၉၈ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် ၆၈၉၃ ဧကသာစိုက်ပျိုးနိုင်ခဲ့ကြောင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။ ကျွန်တော်တို့ဒေသမှာက သီးနှံစိုက်ချိန်ဆို မျိုးဈေး၊ သီးနှံဈေးကကောင်းပြီး သီးနှံထွက်ပြီဆို ဈေးတွေကထိုးကျတာ သုံးနှစ်၊ လေးနှစ်ခန့်ရှိပြီ ဖြစ်ပါတယ်။ အဲဒီလိုတွေဖြစ်ခဲ့ကြတော့ တောင်သူတွေလည်း စိုက်ဧကတွေလျှော့ပြီး စိုက်ပျိုးကြရတာပေါ့၊ ရာသီဥတုကမမှန်၊ သီးနှံဈေးကလည်းမကောင်းတော့ ငွေချေးငှားပြီး စိုက်ရတဲ့တောင်သူတွေအဖို့ အကြွေးနွံထဲနစ်ကုန်ကြတာပေါ့။ ယခုလိုသီးနှံတွေပေါ်စမှာ ဈေးကောင်းရမယ် ဆိုပါက တောင်သူတွေဘက်က စိုက်ဧကတွေတိုးပြီး စိုက်ပျိုးလာကြမှာပါဟု မင်းဘူးမြို့နယ် ရေမျက်ကျေးရွာ ေ ပဲတီစိမ်းစိုက် တောင်သူ ကိုအောင်နိုင်ကပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/128469.html

## မျိုးစေ့တင်ပို့ရောင်းချသည့်နိုင်ငံအဖြစ်ရပ်တည်ရန် မြန်မာမျှော်မှန်း

ပြည်တွင်းတွင် လိုအပ်သည့် မျိုးစေ့များကို ပြည်ပနိုင်ငံများမှ တင်သွင်းအသုံးပြုနေရသောကြောင့် လာမည့်ငါးနှစ် သို့မဟုတ် ၁၀ နှစ်တာကာလအတွင်း မျိုးစေ့တင်ပို့ရောင်းချသည့်နိုင်ငံ တစ်နိုင်ငံအဖြစ်ရပ်တည်နိုင်ရန် မျှော်မှန်းဆောင် ရွက်လျက်ရှိကြောင်း စက်တင်ဘာ ၁၄ ရက်က စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက

ပြောဆိုသည်။ မျိုးစေ့တင်ပို့ရောင်းချတဲ့ကုမ္ပဏီအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ မျိုးစေ့ကဏ္ဍမှာ ပါဝင်ပတ်သက်သူတွေဖြစ်တဲ့ စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ မျိုးစေ့ဌာနခွဲ၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနဲ့ အကောက်ခွန်၊ စီးပွား/ကူးသန်းစတဲ့ဌာနဆိုင်ရာတွေ၊ မျိုးစေ့ထုတ်ကုမ္ပဏီတွေ၊ မျိုးစေ့ထုတ် တောင်သူအစုအဖွဲ့တွေအားလုံး ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်ဟု ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းကပြောဆိုသည်။



ထို့ပြင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ နှင့်ကြုံတွေ့နေရသည့်အတွက် ရာသီဥတုဖောက်ပြန်မှုကို မြန်မြန်ဆန်ဆန်ပြန်လည်တုံ့ပြန်နိုင်မည့် မျိုးကောင်းမျိုးသန့်များ၊ မျိုးသစ်များဖြင့် အစားထိုးပြောင်းလဲနိုင်မှသာ တောင်သူများ၏ဝင်ငွေတိုးတက်လာမည်ဖြစ်ကာ နိုင်ငံ၏အသားတင်ထုတ်လုပ်မှုတန်ဖိုး GDP တိုးတက်ရေးကိုလည်း အထောက်အကူဖြစ်စေနိုင်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်များ အလွယ်တကူရရှိအသုံးပြုနိုင်ရန် မျိုးစေ့ထုတ်လုပ်မှုတွင် မျိုးစေ့အဆင့်အလိုက် သက်ဆိုင်ရာမျိုးစေ့ထုတ်လုပ်သူများက ဈေးကွက်နှင့်ကိုက်ညီသည့်မျိုးပမာဏကို စိုက်ပျိုးရာသီနှင့် အချိန်ကိုက်ထုတ်လုပ်နိုင်ရန် မျိုးစေ့ထုတ်လုပ်မှုစနစ်တစ်ရပ်ကိုလည်း တည်ဆောက်လျက်ရှိသည်။

စီးပွားဖြစ် မျိုးစေ့ထုတ်လုပ်မှုဖွံ့ဖြိုးရေးကိုလည်း မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် WHH (Welthungerhilfe) က ကူညီဆောင်ရွက်ပေးလျက်ရှိပြီး မျိုးစေ့ထုတ်လုပ်ပုံနည်းပညာများ၊ သွင်းအားစုများ၊ စီးပွားရေးနှင့်ဈေးကွက်ဆိုင်ရာနည်းပညာများ၊ ထောက်ပံ့ပေးမှုလုပ်ငန်းများကို မျိုးစေ့ထုတ်အစုအဖွဲ့များ၊ မိတ်ဖက်ကုမ္ပဏီများမှတစ်ဆင့် တောင်သူများထံရောက်ရှိစေရန် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲမှသိရသည်။

**Source:** https://myanmar.mmtimes.com/news/128493.html

## ယခုဘဏ္ဍာနှစ် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၆၀၀ နီးပါးလျော့ကျခဲ့




လက်ရှိဘဏ္ဍာနှစ်ပြည့်မီရန် တစ်လနီးပါးအလိုတွင် စုစုပေါင်းကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၃၂ ဘီလီယံ ကျော်သာရရှိထားပြီး၊ ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၆၀၀ နီးပါးလျော့ကျ ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စာရင်းများအရသိရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာတစ်ရက်နေ့မှ စက်တင်ဘာ ၆ရက်နေ့အထိ ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၅၉၁ ဘီလီယံကျော်သာရရှိခဲ့ပြီး၊ ယခင်နှစ်ကာလတူတွင် အမေရိကန်ဒေါ်လာ ၃၃ဒသမ ၁၇၃ ဘီလီယံကျော်အထိရရှိထားသည်။ သို့ရာတွင် ယခုဘဏ္ဍာနှစ် ၁၁လကျော်ကာလအတွင်း ယခင်နှစ်ကာလတူထက် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၆၀၀ နီးပါး လျော့ကျခဲ့ခြင်းဖြစ်သည်။ အဓိကသွင်းကုန်က ပိုလျော့ကျသွားတာပါ။ သွင်းကုန်က ၁ ဒသမ ၂ ဘီလီယံလောက် လျော့ကျသွားတယ်။ ပို့ကုန်မှာက သန်း ၆၀၀ လောက်တိုးလာပါတယ်။ ဒါပေမဲ့တစ်ဖက်ကကြည့်ရင်တော့ ကုန်သွယ်မှုပမာဏကို သိသိသာသာလျော့ကျသွားတယ်ဆိုတဲ့အနေအထားကိုတွေ့ရတာပေါ့ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကဆိုသည်။

လက်ရှိဘဏ္ဍာနှစ်တွင် ပို့ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၆ ဘီလီယံကျော်ရရှိခဲ့ပြီး၊ ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာသန်း ၆၀၀ ကျော် ပိုမိုရရှိထားသည်။ ပြည်ပမှတင်သွင်းထားသည့်ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၈၉၆ဘီလီယံကျော်ရရှိခဲ့ပြီး၊ ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၁၂၄၂ သန်းကျော်အထိ

တင်သွင်းမှုလျော့ကျခဲ့ခြင်းဖြစ်သည်။ သွင်းကုန်ပိုင်းတွင် မော်တော်ယာဉ်နှင့် မော်တော်ယဉ်ပစ္စည်း၊ သဘော်နှင့်သဘော်ထွက်ပစ္စည်း၊ ရေနံထွက်ပစ္စည်းစသည့်ကဏ္ဍတို့မှာ အဓိကလျော့ကျခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ပို့ကုန်ပိုင်းတွင် ကျောက်စိမ်းတင်ပို့မှု၊ တရုတ်နိုင်ငံ၏မူဝါဒအပြောင်းအလဲကြောင့် နယ်စပ်မှဆန်တင်ပို့မှုစသည်တို့တွင် အဓိကလျော့ကျသွားခဲ့ခြင်းဖြစ်ကြောင်း သိရပြီး၊ CMP ကဏ္ဍ ၊ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှု၊ ရေထွက်ပစ္စည်းတင်ပို့မှုတို့တွင် အဓိကတိုးတက်လာခဲ့ကြောင်း သိရသည်။

လက်ရှိ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့တင်ပို့ထားသည့် ပို့ကုန်ပမာဏနှင့် တင်သွင်းသည့်သွင်းကုန်ပမာဏကို နှိုင်းယှဉ်ကြည့်ပါက သွင်းကုန်တင်သွင်းမှုသည် ပို့ကုန်တင်ပို့တင်ပို့မှုထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ ပိုမိုများပြားနေသည်ကို ဖော်ပြထားသည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူတွင် ကုန်သွယ်မှုလိုငွေ ၃ ဘီလီယံအထိရှိခဲ့ရာ ၁ ဒသမ ၈ ဘီလီယံခန့်လျော့ကျသွားခြင်းဖြစ်သည်။

**Source:** http://www.mizzimaburmese.com/article/60586

## ကမ္ဘာ့အကြီးဆုံး ရာဘာတင်ပို့သူဖြစ်လာတဲ့ ထိုင်း



ထိုင်းကတော့ ကမ္ဘာ့အကြီးဆုံး ရာဘာတင်ပို့သူနိုင်ငံဖြစ်လာခဲ့ကြောင်း ထိုင်းကုန်သွယ်ရေးဝန်ကြီးဌာနရဲ့ ကုန်သွယ်ညှိနှိုင်းရေးဌာန DTN က ထုတ်ပြန်ပါတယ်။ ဒါဟာ တရုတ်နဲ့အခြားနိုင်ငံတွေနဲ့အကြား လွတ်လပ်စွာကုန်သွယ်မှုစာချုပ်တွေရဲ့ အကျိုးကျေးဇူးကြောင့် တရုတ်ဟာ ထိုင်းရဲ့အကြီးဆုံးဈေးကွက်ဖြစ်နေခြင်းနဲ့အတူ ခုလိုကမ္ဘာ့အကြီးဆုံး ရာဘာတင်ပို့သူဖြစ်လာတာဖြစ်တယ်လို့သိရပါတယ်။

၂၀၁၈ ခုနှစ်က ထိုင်းနိုင်ငံရဲ့ ရာဘာတင်ပို့မှုဟာ ခန့်မှန်းခြေအားဖြင့် ကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံကျော်အထိ ရှိခဲ့ပြီး ယင်းဟာ နိုင်ငံရဲ့ စုစုပေါင်း ပို့ကုန်ရဲ့ ၁ ဒသမ ၈၂ ရာခိုင်နှုန်းနဲ့ ညီမျှကြောင်း DTN ရဲ့ ညွှန်ကြားရေးမှူးချုပ် Auramon Sapthaweetham က ပြောပါတယ်။ တရုတ်ဟာ ထိုင်းရဲ့အကြီးဆုံးဈေးကွက်ဖြစ်နေပါပြီ၊ ထိုင်းရာဘာ တန်ဖိုးဒေါ်လာ ၁ ဒသမ ၉၆ ဘီလီယံကိုသူတို့ တင်သွင်းခဲ့ပါတယ်၊ ဒါဟာ ၂၀၁၈ ခုနှစ်က ထိုင်းရဲ့စုစုပေါင်းရာဘာတင်ပို့မှုရဲ့ ၄၃ ရာခိုင်နှုန်း ဖြစ်ပါတယ်လို့ Auramon က ပြောသွားပါတယ်။ ထိုင်းနိုင်ငံကတော့ အရှေ့တောင်အာရှနိုင်ငံတွေ၊ အမေရိကန်၊ ဂျပန်နဲ့ တောင်ကိုရီးယားတို့လို နိုင်ငံတွေဆီကိုလည်းရာဘာတွေ တင်ပို့နေလျက်ရှိပါတယ်။

**Source: SFJ Strategy First Journal**

https://www.facebook.com/pg/SFJWeekly/posts/

## ပခုက္ကူ သီးနှံဈေးကွက်အတွင်း ယောနှမ်းနှင့် မြေပဲအသစ်များ စတင်ဝင်ရောက်နေပြီး ဝယ်လက်နည်းပါး

ပခုက္ကူသီးနှံဈေးကွက်အတွင်း ယခုစက်တင်ဘာလလယ်တွင် ယောနှမ်းမျိုးစုံနှင့်အညာဒေသထွက်မြေပဲအသစ်များ စတင်ဝင်ရောက်နေပြီး ဝယ်လက်နည်းပါးမှုကြောင့် ဈေးနှုန်းများကျဆင်းနေကြောင်း ဒေသခံကုန်သည်များထံမှသိရသည်။ ယောဒေသထွက် နှမ်းဝါ၊ နှမ်းညိုနှင့် နှမ်းနီများမှာ တရုတ်ဝယ်လက်နည်းပါးခြင်းနှင့် အရည်အသွေးပိုင်း လိုအပ်ချက်များကြောင့် ဈေးကွက်အတွင်း ဈေးနှုန်းအနည်းငယ်ကျဆင်းသွားပြီး လာမည့်ရက်များတွင် ကုန်ဝင်ရောက်မှု ပိုမိုများပြားလာနိုင်ကြောင်း သိရသည်။ လက်ရှိတွင် ပခုက္ကူသီးနှံဈေးကွက်အတွင်း နှမ်းဝါတစ်တင်း ၄၄၅၀၀-၄၅၀၀၀ ကျပ်၊ နှမ်းနီတစ်တင်း ကျပ် ၄၃၇၀၀ နှင့် နှမ်းနက်(ရိုးရိုး)တစ်တင်း ကျပ် ၆၀၀၀၀ ခန့် ပေါက်ဈေးရှိပြီး ပြီးခဲ့သည့် ရက်ပိုင်းထက် တစ်တင်း ကျပ် ၁၀၀၀ ခန့် ကျဆင်းသွားကြောင်းသိရသည်။ နှမ်းတွေကစဝင်နေပြီ။ လက်ရှိတော့ ဈေးမကောင်းသေးဘူး။ အရည်အသွေး လိုအပ်ချက် ရှိတာရော အဓိကဝယ်လက်တွေ သိပ်မဆွဲသေးတာရောကြောင့် ဈေးကအရင်ရက်ထက် နည်းနည်းအေးတယ်။ ကုန်အဝင်

ကလည်း တစ်နေ့မှ အိတ်အပိုင်း ၅၀၀ ကနေ ၇၀၀ လောက်ပဲဝင်သေးတယ်။ နှမ်းထွက်တဲ့ဒေသတွေမှာလည်း ခုမှရိတ်သိမ်းစ ရှိသေးတယ်။ နောက်ရက်တွေတော့ ကုန်ဝင်များလာနိုင်တယ်ဟု သီးနှံရောင်းဝယ်ရေးလုပ်ကိုင်သူ ကိုထွန်းထွန်းအောင်က ပြောကြားသည်။

လက်ရှိဖြစ်ပေါ်နေသည့် နှမ်းဈေးနှုန်းများအရ တောင်သူများစိုက်ပျိုးစရိတ်အရင်းထက်ကျော်လွန်၍ အကျိုးအမြတ် ရရှိနေဆဲဖြစ်ပြီး အရည်အသွေးပိုင်းကောင်းမွန်လာပါက ယခုထက်ဈေးပိုမိုရနိုင်ကြောင်း ကုန်သည်များထံမှသိရသည်။ ပခုက္ကူ သီးနှံဈေးကွက်အတွင်း အသစ်ဝင်ရောက်ဆဲဖြစ်သည့် မြေပဲ (အသစ်) များမှာ ကုန်ဝင်များလာခြင်းနှင့်ဝယ်လက်နည်းပါး ခြင်းကြောင့် စက်တင်ဘာလဆန်းပိုင်းဈေးနှုန်းထက် တစ်ပိဿာ ကျပ် ၆၀၀ မှ ၈၀၀ ခန့်ထိ ကျဆင်းသွားကြောင်းသိရသည်။ စက်တင်ဘာလဆန်းပိုင်းတွင် တစ်ပိဿာ ကျပ် ၄၀၀၀ ခန့် ပေါက်ဈေးရှိသည့် မြေပဲ (လုံးဆန်သန့်) မှာ ယခုစက်ဘာလလယ် တွင် တစ်ပိဿာ ကျပ် ၃၂၀၀ ခန့်သာ ပေါက်ဈေးရှိ မြေပဲ (ဆီဆန်ဂျုန်) မှာ တစ်ပိဿာကျပ် ၃၀၀၀ ခန့်သာ ပေါက်ဈေးရှိကြောင်း သိရသည်။ လက်ရှိကတော့ မကွေးတိုင်းအတွင်းကထွက်တဲ့ မြေပဲတွေ ပခုက္ကူဈေးကွက်မှာဝင်နေပြီ။ လုံးဆန်အသန့်ဈေးရော ဆီဆန်ဂျုန်ဈေးရော အရင်ရက်ထက်တော့ကျသွားတယ်။ အဝင်များပြီး အဝယ်မနိုင်တော့ ဈေးကျတဲ့သဘောပါ လက်ရှိဈေးအနေနဲ့မဆိုးသေးဘူးဟု မြေပဲနှင့်ဆီလုပ်ငန်း လုပ်ကိုင်သူ ကိုသောင်းထွန်းကပြောကြားသည်။ မကွေးတိုင်းအတွင်း ပခုက္ကူမြို့နှင့် အနီးတစ်ဝိုက်ဒေသများမှာ မိုးခေါင်မှုကြောင့် မိုးဦးသီးနှံမြေပဲနှင့်နှမ်းများ ဖြစ်ထွန်းခြင်းမရှိဘဲ ပျက်စီးမှု များပြား ခဲ့ပြီး အခြားသောဒေသများတွင် သီးနှံရိတ်သိမ်းချိန် မိုးရွာသွန်းမှုကြောင့် အရည်အသွေးပိုင်းထိခိုက်မှုကြုံတွေ့ရကြောင်း သိရသည်။

**Source:** https://news-eleven.com/article/135201

## 'ဝ'ဥဈေးကောင်းသဖြင့် ခိုးတူးသူရှိလာ

'ဝ'ဥဈေးကောင်းရလာသဖြင့် ခိုးတူးသူများရှိလာသည်ဟု 'ဝ'ဥ ဝယ်ယူရောင်းချသူအချို့ထံမှ စုံစမ်းသိရှိရသည်။ ပြည်ပမှ ဝယ်လိုအားကြောင့် လက်ရှိတွင် 'ဝ'ဥဈေးကောင်းရနေ ပြီး ခိုးယူတူးဖော်မှုများလည်း ပိုမိုများပြားလာသဖြင့် သီးသန့်စိုက်ပျိုးသည့် တောင်သူများမှာ အချိန်ပြည့်စောင့်ကြည့်နေရသည့် အနေအထားထိရှိနေသည်ဟု 'ဝ'ဥ၊ သီဟိုဠ်၊ ကွမ်းသီးစိုက်ပျိုးထုတ်လုပ်ရောင်းချ သူများအဖွဲ့ထံမှသိရသည်။လွန်ခဲ့သည့် သုံးနှစ်ခန့်က 'ဝ'ဥ တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ခန့် သာရှိခဲ့သော်လည်း တရုတ်ကိုယ်စားလှယ်များက ဝယ်ယူလာသဖြင့် တစ်နှစ်ထက်တစ်နှစ်ဈေးကောင်းရလာသည်ဟု ထားဝယ်မြို့ အခွန်လွတ်ဈေးရှိ 'ဝ'ဥဝယ်ယူနေသည့် ပွဲရုံပိုင်ရှင် အမျိုးသားတစ်ဦးကပြောသည်။ ၂၀၁၈ ခုနှစ်က 'ဝ'ဥတစ်ပိဿာလျှင်ကျပ် ၁၄၅၀ သာရှိခဲ့သော်လည်း ယခုနှစ်ရာသီပြန်စချိန်တွင် ကျပ် ၁၅၀၀ မှ ယခု ကျပ် ၁၆၅၀ အထိ ဈေးနှုန်းမြင့်တက်နေပြီး ခိုးယူတူးဖော်မှုများလည်းရှိနေသည်ဟု ၄င်းကပြောသည်။ မော်လမြိုင်၊ ဘားအံ၊ ရေးမြို့ နယ်များတွင် 'ဝ'ဥကိုကုန်ချောထုတ်လုပ်ရောင်းချသည့် စက်ရုံများတိုးလာသောကြောင့်လည်း 'ဝ'ဥဈေးများ ဈေးကောင်းရလာခြင်းဖြစ်ကြောင်း ထားဝယ်မြို့မှ 'ဝ'ဥဝယ်ယူနေသူကပြောသည်။ 'ဝ'ဥ ဈေးကောင်း ရလာသဖြင့် သီးသန့်လိုက်လံ ခိုးယူတူးဖော် ရောင်းချနေသူများလည်းရှိနေပြီး ၄င်းတို့ခြံတွင်လည်း လူရှိနေသည့်အချိန်ကိုပင် လာရောက်ခိုးယူတူးဖော်ခဲ့သည်ဟု ၄င်းကပြောသည်။ 'ဝ'ဥဈေးကောင်းရလာသဖြင့် လူတိုင်းစိုက်ပျိုးနိုင်ရန်နှင့် ခိုးယူမှုများလည်းမရှိစေရန်အတွက် ရွာအလိုက်ထိန်းသိမ်းကြရန် ဆွေးနွေးမှုများပြုလုပ်နေသည်ဟု 'ဝ'ဥ၊ သီဟိုဠ်၊ ကွမ်းသီး စိုက်ပျိုးထုတ်လုပ်သူများအဖွဲ့ထံမှသိရသည်။

**Source:** https://www.facebook.com/a9biz/

## ကုန်သွယ်ခွန်ကင်းလွတ်ခွင့်ကုန်စည်တွေကို တဖြည်းဖြည်း ပယ်ဖျက်သွားသင့်ဟုတင်ပြ

ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထားတဲ့ ကုန်စည်တွေကို တဖြည်းဖြည်းပယ်ဖျက်သွားသင့်တယ် လို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မောင်ဝင်းက လွှတ်တော်မှာရှင်းလင်းတင်ပြသွားပါ တယ်။ စက်တင်ဘာလ ၁၂ ရက်နေ့ကျင်းပတဲ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ ၂၀၁၉ ခုနှစ် ပြည်ထောင်စု ၏ အခွန်အကောက်ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဥပဒေကြမ်းပူးပေါင်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်နဲ့ သဘောထား မှတ်ချက်အစီရင်ခံစာအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များရဲ့ မူသဘောဆွေးနွေးချက်အပေါ် ပြန် လည်ရှင်းလင်း တင်ပြရာမှာ အခုလိုပြောကြားခဲ့တာဖြစ်ပါတယ်။ ဦးမောင်မောင်ဝင်းက ယခုဥပဒေကြမ်းတွင် ကုန်သွယ်ခွန် ကင်းလွတ်ခွင့်ပြုထားတဲ့ ကုန်စည်နှင့်ဝန်ဆောင်မှုများကို အပိုဒ် ၁၄ မှာ တွေ့နိုင်ပါတယ်၊ ဒီဇယားကိုကြည့်ပါ က

အခြေခံစားကုန်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များ ၊ ကျောင်းသုံးရုံးသုံးကုန်စည်များ၊ ကျန်းမာရေးဆိုင်ရာကုန်စည်များ၊ ဘာသာရေးနှင့်လူမှုရေးကုန်စည်များစသဖြင့် များစွာကင်းလွတ်ခွင့်ပြုထားတာတွေ မြင်ရမှာဖြစ်ပါတယ်၊ ဒီကိစ္စနဲ့ပတ်သက်လို့ နိုင်ငံအတွင်းအခွန်ယဉ်ကျေးမှုကို ပျိုးထောင်လေ့ကျင့်ပေးခြင်းနှင့် အတူ တဖြည်းဖြည်းလျှော့ချပယ်ဖျက်မှုများ သုံးသပ်ဆောင်ရွက်သွားသင့်ပါကြောင်း တင်ပြအပ်ပါတယ်လို့ ပြောပါ တယ်။

ကုန်သွယ်လုပ်ငန်းခွန်ကို အရင်က ငါးရာခိုင်နှုန်း၊ ၁၀ ရာခိုင်နှုန်း၊ ၂၀ ရာခိုင်နှုန်း၊ ၂၅ ရာခိုင် နှုန်း နှုန်းထားအမျိုးမျိုးနဲ့ ကောက်ခံခဲ့ပြီး ကင်းလွတ်ခွင့်ရကုန်စည်များမှာလည်း အနည်းငယ်သာရှိပါတယ်။ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေး အစီအစဉ်အရ ၂၀၁၂ခုနှစ်မှာ ကင်းလွတ်ခွင့်ရ ကုန်စည်နဲ့ အခွန်ကျသင့်တဲ့ကုန်စည်ဆို ပြီး နှစ်မျိုးထားရှိကာ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို ငါးရာခိုင်နှုန်းသာ တစ်ပြေးညီထားရှိခဲ့ပါတယ်။ ဒီနှုန်း ထားဟာ ကမ္ဘာ့နိုင်ငံများမှာ အနည်းဆုံးနှုန်းထားအဆင့်မှာရှိပါတယ်။ နိုင်ငံတကာမှာ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုတဲ့ ကုန်စည်နှင့်ဝန်ဆောင် မှုများကို အနည်းငယ်သာမျှသာခွင့်ပြုကြတာကိုလည်းတွေ့ရတယ်လို့ ရှင်းလင်း တင်ပြပါတယ်။ ဒုဝန်ကြီးက မြန်မာနိုင်ငံတွင် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထားတဲ့ ကုန်စည်များကို ပယ်ဖျက် သင့်ကြောင်း လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးကလဲ ဆွေးနွေးသွားပါတယ်၊ ဒါဟာလဲ ဆီလျော်မှု ရှိတဲ့ ဆွေးနွေးချက်ဖြစ်ပါတယ်လို့ ပြောပါတယ်။ ၂၀၁၉ခုနှစ် ပြည်ထောင်စု၏ အခွန်အ ကောက်ဥပဒေကြမ်း မှာ ကုန်သွယ်ခွန်ကင်း လွတ်ခွင့်ပြုထားတဲ့ ကုန်စည်နှင့်ဝန် ဆောင်မှုများကို အပိုဒ် ၁၄ မှာဖော်ပြထား ပါတယ်။

ဝင်ငွေခွန်အပိုင်းနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံတွင် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ် ကောက်ခံတဲ့ ဝင်ငွေခွန်နှုန်းထား ဟာ ဝင်ငွေအပေါ်မူတည်ပြီး အဆင့်ဆင့်မြင့်တက်သွားတဲ့နှုန်းထားနဲ့ ကောက်ခံတာဖြစ်ပါ တယ်။ ဒ့ါအပြင် ပမာဏ သတ်မှတ်ချက်အရ ကင်းလွတ်ခွင့်၊ အခြေခံသက်သာခွင့်၊ မိဘဇနီးသားသမီး သက်သာခွင့်၊ စည်းကြပ်ခွန် ကင်းလွတ်သည့် ပမာဏသတ်မှတ်ချက် အစရှိသဖြင့် သက်သာခွင့်များပေးထားပါတယ်။ ကုမ္ပဏီများမှာတော့ သက်သာခွင့်များ ခံစားရရှိခြင်းမရှိဘူးလို့သိရပါတယ်။ ဒါကြောင့် တစ်ဦးချင်းပုဂ္ဂိုလ်များအပေါ်မှာ အခွန်ကျသင့်သည့် အကျိုးသက်ရောက်မှု နှုန်းဟာ ကုမ္ပဏီထက်နည်းနေတာကို တွေ့နိုင်တယ်လို့ ရှင်းလင်းပါတယ်။ ဒုဝန်ကြီးက နိုင်ငံတကာတွင် တစ်ဦးချင်း ပုဂ္ဂိုလ်နဲ့ ကုမ္ပဏီကိုကောက်ခံတဲ့ အခွန်အကျိုးသက်ရောက်မှုနှုန်းကို ကွာဟမှုနည်းအောင် ထားရှိတာကိုတွေ့ရပါတယ်၊ ဒါကြောင့် ဝင်ငွေခွန်နှုန်းထားများကို ပြင်ဆင်ခြင်းမပြုသေးဘဲ ဝင်ငွေခွန်ဥပဒေ အသစ်ရေးဆွဲရာမှာ ဒီကိစ္စကိုထည့်သွင်း စဉ်းစားသွားမှာဖြစ်ပါတယ်လို့ ပြောပါတယ်။ ဒ့ါအပြင် စည်းကြပ်မှုမှလွတ်ကင်းတဲ့ ဝင်ငွေများကိုလည်း နောင်လာမည့် ဝင်ငွေခွန်ဥပဒေသစ်ပြဋ္ဌာန်းရာမှာ ပါဝင်တော့မှာ မဟုတ်ဘဲ တည်ဆဲဥပဒေများနဲ့အညီသာ ဆောင်ရွက်သွား မယ်လို့ ဒုတိယဝန်ကြီးကပြောပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ဆိုရှယ်လစ် စီးပွားရေးစနစ်ကျင့်သုံးခဲ့တဲ့အချိန်က ပုဂ္ဂလိက ကဏ္ဍထက် နိုင်ငံပိုင်နှင့် သမဝါယမကဏ္ဍများကိုသာ ဦးစားပေးခဲ့တာကြောင့် ပုဂ္ဂလိကကဏ္ဍမှ အခွန်ပေးဆောင်တဲ့အလေ့အ ကျင့်နည်းပါးခဲ့ပါတယ်။ ၁၉၈၈ ခုနှစ် နောက်ပိုင်း ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပေမဲ့လည်း အခွန်ပေးဆောင်တဲ့ အလေ့အထမှာ ဒီနေ့အထိများစွာ ဖွံ့ဖြိုးတိုးတက်လာမှု မရှိသေးတာကိုတွေ့ရကြောင်း ဦးမောင်မောင်ဝင်းက လွှတ်တော်မှာ ရှင်းလင်းတင်ပြပါတယ်။

**Source:** https://www.kumudranews.com/news-35163?fbclid=IwAR2I7DqUxEEbvQqC_jy_ QFJTrVSQ729rYujbtwv8CsVVSQq9EZsHrWxeCug

## မြန်မာနိုင်ငံတွင် မြစ်ငါးတန်နှင့် ဗီယက်နမ်ငါးတန်တောင်ရှည်ကို ဒေသတွင်းမျိုးရင်းငါးအဖြစ် မွေးမြူထုတ်လုပ်မည်

မြန်မာနိုင်ငံအတွင်းရှိ မြစ်ငါးတန်နှင့်ဗီယက်နမ်ငါးတန်တောင်ရှည်ကို ဒေသတွင်းမျိုးရင်းငါးအဖြစ် မွေးမြူထုတ်လုပ်သွားမည်ဖြစ်ပြီး လက်ရှိသားဖောက်စခန်းများ၌ မွေးမြူနေသောငါးတန်များကို အကုန်ရှင်းထုတ်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိုင်းဦးစီးမှူး ဦးလှဌေးကပြောသည်။ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တွင် စက်တင်ဘာလ ၁၀ ရက်က ကျင်းပပြုလုပ်သည့် ၁၆ ကြိမ်မြောက် ငါးကဏ္ဍဆိုင်ရာလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံဆွေးနွေးပွဲ၌ ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ မနှစ်ကတုန်းက တွံတေးကနေ မြစ်ငါးတန်မှာ သားဖောက်လို့

ရတဲ့အရွယ် အကောင် ၂၀ လောက် လှော်ကားသားဖောက်စခန်းကို သယ်ထားတာရှိတယ်။ အဲ့ဒါကို ဒီနှစ်မှာ စမ်းပြီးတော့ ဖောက်နေတယ်။ လူကြီးတွေကိုလည်း တင်ပြထားပြီးဖြစ်တယ်။ အဲ့မြစ်ငါးတန်ကို ကျွန်တော်တို့ သားဖောက်မယ်။ နောက်ထပ် ဗီယက်နမ်ငါးတန်တောင်ရှည်ဆိုတာ တစ်မျိုးရှိပါသေးတယ်။ အဲ့ဒါကို ကန်တော်ကြီးငါးပြတိုက် ဖျက်သိမ်းလိုက်တဲ့အချိန်မှာ သူတို့မှာရှိတဲ့ ငါးတွေကို ကျွန်တော်တို့ငါးဦးစီးဌာနကို ပေးလွှဲတာကနေရလာတာဖြစ်တယ်။ အဲ့နှစ်မျိုးကို ကျွန်တော်တို့ သီးသန့်ထားပြီးတော့ဖောက်မယ်။ သားဖောက်ရလာလို့ရှိရင် အဲ့မျိုးတွေကို ကျွန်တော်တို့ ဆက်ပြီးတော့ ဒေသတွင်းမျိုးရင်းအနေနဲ့ မွေးမယ်။ အဲ့ဒါတွေကို မျိုးရင်းအဖြစ် သားဖောက်နိုင်ပြီဆိုရင် လက်ရှိစခန်းမှာရှိနေတဲ့ ငါးတန်တွေ ကို Bocourti ပဲဖြစ်ဖြစ်၊ Hypothalamus ပဲဖြစ်ဖြစ် အကုန်ရှင်းထုတ်ပစ်မယ်ဟု ဒုတိုင်းဦးစီးမှူး ဦးလှငွေးကပြောသည်။



ယင်းကဲ့သို့ မြစ်ငါးတန်နှင့် ဗီယက်နမ်ငါးတန်တောင်ရှည်ကို ဒေသမျိုးရင်းငါးအဖြစ် မွေးမြူ ထုတ်လုပ်ရန်လည်း ငါးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်တကွ တာဝန်ရှိသူများအား တင်ပြထားပြီးဖြစ်၍ မြန်မာနိုင်ငံတွင် ဒေသမျိုးရင်းငါးရှိလာပါက ပြည်ပနိုင်ငံများသို့ တင်ပို့ရာတွင် မည်သည့်ငါးဖြစ်သည်ကို မာမာတင်းတင်း ပြောဆိုနိုင်မည်ဖြစ်ကြောင်းသိရသည်။ လက်ရှိ ပြည်တွင်း၌ မွေးမြူ ထုတ်လုပ်နေသော ငါးတန်မျိုးစိတ်များသည် Hypothalamus နှင့် Bocourti တို့ ပေါင်းစပ်နေခြင်းကြောင့် Hypothalamus မျိုးစိတ်အနေဖြင့်လည်းကောင်း၊ Bocourti မျိုးစိတ်အနေဖြင့်လည်းကောင်း မျိုးစိတ်ကွဲခြားသတ်မှတ်ရန် အခက်အခဲရှိသဖြင့် တရုတ်နိုင်ငံသို့ ငါးတန်တင်ပို့ရာတွင် မျိုးစိတ်အမည် ထောက်ခံပေးရန် ပြဿနာရှိနိုင်ကြောင်းသိရသည်။ မွေးတဲ့သူတွေကလည်း Bocourti လား၊ Hypothalamus လား မခွဲခြားနိုင်ဘူး။ ဘာလို့လဲဆိုတော့ ငါးက တစ်ပုံစံထဲဖြစ်နေတယ်။ ကွာခြားချက်က နည်းနည်းပဲရှိတယ်။ နိုင်ငံတိုင်းကတော့ သူတို့နိုင်ငံမှာ ဖော်ပြထားတဲ့ မျိုးစိတ်မှန်ကန်မှုရှိမရှိ စစ်ဆေးတာပေါ့။ ကျွန်တော်တို့ နိုင်ငံမှာလည်း ဒီလိုပဲ ပြည်ပကနေ ဘာပဲတင်သွင်းသွင်း မှန်ကန်မှုရှိမရှိ စစ်ဆေးတယ်။ ပြည်ပတင်ပို့တဲ့ ငါးတန်က Bocourti လား၊ Hypothalamus လားဆိုတာ ကျွန်တော်တို့ဆီကနေ အာမခံပေးဖို့လိုတယ်။ ဒါပေမယ့် ဒီလောက်အများကြီးကတော့ ကျွန်တော်တို့လည်း လိုက်စစ်ဖို့အခက်အခဲရှိတယ်ဟု ဦးလှငွေးကပြောသည်။

မြန်မာနိုင်ငံတွင် ငါးတန်နှင့်ပတ်သက်၍ ၁၉၉၄ ခုနှစ်က Hypothalamus ကို သားဖောက်၍ မွေးမြူခဲ့ရာမှ ၂၀၀၉ – ၂၀၁၀ က သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ ဗီယက်နမ်နိုင်ငံ ခရီးစဉ်သွားရောက်ခဲ့စဉ်က ဗီယက်နမ် ငါးတန် မျိုးစိတ်ဖြစ်သော Bocourti သားပေါက် အကောင် ၂၃ ကောင် တင်သွင်း၍ လှော်ကားငါးသားဖောက်စခန်းတွင် သားပေါက်စမ်းသပ်ဖောက်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၂၀၁၁ ခုနှစ်က နိုင်ငံတကာဈေးကွက်အနေအထားအရ ငါးတန်မျိုးတွင် Hypothalamus ထက် Bocourti မျိုးမှာ ဈေးကွက်အလားအလာရှိသဖြင့် Bocourti မျိုးစိတ်ကို စမ်းသပ်သားဖောက် မွေးမြူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာရေထွက်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာလ အတွင်းက ပြည်တွင်း၌ မွေးမြူထားသည့် Pangasius Hypothalamus ကွန်တိန်နာတစ်လုံး စမ်းသပ်တင်ပို့ရာတွင် တရုတ်နိုင်ငံ၏ ဝက်ဆိုဒ်စာမျက်နှာ၌ မှတ်ပုံတင်ထားခြင်းမရှိ၍ နားလည်မှုဖြင့်သာ တင်ပို့ခဲ့ရကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှသိရသည်။

**Source:** https://greenwaymyanmar.com/posts/about_nga_tan_farming_news?fbclid=IwAR0_gI2EORZl8UVTQe_ BuKQxXXhR_xl5eTK2GsoWoCBMs_pVY7hfcgf91js

# STOCK EXCHANGE (18.9.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 18th Sep. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 11,500 | 12,000 | 11,500 | 1,647 | 19,669,500 | 27,112,747 | 325,353 |
| MTSH | 00002 | 4,400 | +0 | +0.00% | 4,400 | 4,400 | 4,400 | 16,568 | 72,899,200 | 38,929,150 | 171,288 |
| MCB | 00003 | 8,500 | +300 | +3.66% | 8,500 | 8,500 | 8,500 | 5 | 42,500 | 10,400,986 | 88,408 |
| FPB | 00004 | 25,500 | -500 | -1.92% | 26,000 | 26,000 | 25,500 | 61 | 1,579,500 | 2,472,053 | 63,037 |
| TMH | 00005 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 0 | 0 | 12,823,224 | 39,111 |

## Market summary

As of 18th Sep. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 501.85 | +1.37 | +0.27% | 492.86 | 502.76 | 492.86 | 18,281 | 94,190,700 | 5 | 687,197 |

### Index chart




## Market Overview

As of 1:00 pm, 18th Sep. 2019

| MYANPIX | 501.85 ▲1.37 |
|---|---|
| Total Volume (shares) | 18,281 |
| Total Value (MMK) | 94 mil |
| Listed Company | 5 |
| Market Cap. (MMK) | 687,197 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲0 |
| MTSH | 00002 | 4,400 | ▲0 |
| MCB | 00003 | 8,500 | ▲300 |
| FPB | 00004 | 25,500 | ▼500 |
| TMH | 00005 | 3,050 | ▲0 |